# ၁၉၅၇ ခုနှစ်၊ အရေးပေါ်စီမံမှု (ယာယီပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၆။]
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ အရေးပေါ်စီမံမှု (ယာယီပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု အမိန့် ကြော်ငြာစာထုတ်ပြန်၍ ဆင့်ဆိုသည့်နေ့တိုင်အောင် အာဏာတည်ရမည်။ ယင်းသို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းအားဖြင့်၊ ဤအက်ဥပဒေအာဏာတည်ခြင်းမှ ရပ်စဲသောအခါ၊ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေ ပုဒ်မ ၅ ရှိ၊ အက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အကျိုးသက် ရောက်စေရမည်။

၂။ ။ ဤအက်ဥပဒေ အာဏာတည်လျက် ရှိနေသမျှ ကာလပတ်လုံး ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေသည်၊ ၎င်း၏ ပုဒ်မ ၄ တွင် "တစ်သက်တစ်ကျွန်းပို့ ဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ထားဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

၃။ ။ ဤဥပဒေ အာဏာတည်လျက် ရှိနေသမျှ ကာလပတ်လုံး ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေသည်၊ ၎င်း၏ ပုဒ်မ ၆ နောက်တွင် အောက်ပါကို "ပုဒ်မ ၆-က" အဖြစ် ထည့်သွင်း ထားဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

"၆-က။ ။ (၁) မည်သူမဆို အများပြည်သူတို့ အတိဒုက္ခဖြစ်အောင်သော်လည်းကောင်း၊ အသက်ဆုံးရှုံးအောင်သော်လည်းကောင်း၊ အများပြည်သူတို့၏ အသက်ကို၊ သို့တည်းမဟုတ် လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်အောင်သော်လည်းကောင်း၊ ကြံရွယ်၍ဖြစ်စေ၊ အများပြည်သူတို့ အတိဒုက္ခဖြစ်မည်ဟု သော်လည်းကောင်း၊ အသက်ဆုံးရှုံးမည်ဟုသော်လည်းကောင်း၊ အများပြည်သူတို့၏ အသက်ကို၊ သို့တည်းမဟုတ် လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်မည်ဟု သော်လည်းကောင်း သိလျက်နှင့်ဖြစ်စေ —

(က) အများပြည်သူတို့ဆိုင်ရာ မီးရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ သို့တည်းမဟုတ် အခြားယာဉ်ကိုဖြစ်စေ၊

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်၊ စာမျက်နှာ - ၂၉၉၇။

(ခ) အများပြည်သူတို့ဆိုင်ရာလမ်း၊ မီးရထားလမ်း၊ မီးရထားတံတား၊ သို့တည်းမဟုတ် အခြားတံတားကိုဖြစ်စေ၊

(ဂ) အများပြည်သူတို့ဆိုင်ရာ ရေလှောင်ကန်၊ ရေပေးအလုပ်ကိရိယာ၊ ၎င်းနှင့် ဆက်သွယ်ထားသည့် ရေပိုက်ကြီးကိုဖြစ်စေ၊

(ဃ) အများပြည်သူတို့ဆိုင်ရာ ဆည်ကိုဖြစ်စေ၊

ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပျက်စီးစေလျှင်၊ ထိုသူအား သေဒဏ်ထိုက်သင့်စေရမည်။

(၂) မည်သူမဆို အများပြည်သူတို့အတိဒုက္ခဖြစ်အောင် သော်လည်းကောင်း၊ အသက်ဆုံးရှုံးအောင်သော်လည်းကောင်း၊ အများပြည်သူတို့၏အသက်ကို၊ သို့တည်းမဟုတ် လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်အောင် သော်လည်းကောင်း၊ ကြံရွယ်၍ဖြစ်စေ၊ အများပြည်သူတို့ အတိဒုက္ခဖြစ်မည်ဟု သော်လည်းကောင်း၊ အသက်ဆုံးရှုံးမည်ဟု သော်လည်းကောင်း၊ အများပြည်သူတို့၏အသက်ကို၊ သို့တည်း မဟုတ် လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်မည်ဟု သော်လည်းကောင်း၊ သိလျက်နှင့်ဖြစ်စေ၊ ပုဒ်မ ခွဲ (၁) တွင် ဖော်ပြထားသည့်အရာဝတ္ထုတစ်ခုခုကို ဖျက်ဆီးရန် မိုင်းဗုံးကို၊ သို့တည်းမဟုတ် ယမ်းဘီလူးကို တစ်နည်းနည်းဖြင့်အသုံးပြုလျှင် ထိုသူအားသေဒဏ် ထိုက်သင့်စေရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) တွင် မည်သို့ပင်ပါရှိစေကာမူ အတင်းအဓမ္မနည်းဖြင့် ခြိမ်းခြောက်ခံရခြင်းကြောင့် ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) တွင် ဖော်ပြသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သူအား ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ထိုက်သင့်စေရမည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်။
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။